# အုပ်ချုပ်သူများနှင့် ဘုရင်များ ရှေ့တော်၌



အလွတ်ကျမ်းချက်။ ။ ကောရိန္သုဩဝါဒစာ ဒုတိယစောင် ၆း၂

“ဗျာဒိတ်တော် အချက်ဟူမူကား၊ နှစ်သက်ဖွယ်ကောင်းသော အချိန်၌ သင်၏စကားကို ငါနားထောင်ပြီး။ ကယ်တင်ရာနေ့ရက်ကာလ၌ သင့်ကို ငါမစပြီဟု လာသည်နှင့်အညီ ယခုပင်နှစ်သက်ဖွယ်သောအချိန် ရှိ၏။ ယခုပင် ကယ်တင်ရာနေ့ရက်ရှိ၏။”



## တနင်္ဂနွေနေ့ ၊ ဖေလစ်မင်းရှေ့တော်၌ တရားရင်ဆိုင်ခြင်း (တမန်တော်ဝတ္ထု ၂၄း၁-၂၃) ၁

ပေါလုသည် ယေရုရှလင်မှ လုံခြုံစွာ ခေါ်ထုတ်ခြင်းခံရပြီးနောက်၊ ကဲသရိမြို့၏အုပ်ချုပ်သူဖြစ်သော ဖေလဇ်မင်း၏အုပ်စိုးမှုအောက်တွင် ရောက်ရှိခဲ့သည်။ ထို့နောက် ငါးရက်လွန်သောအခါ၊ ယဇ်ပရောဟိတ်မင်း အာနနိ (ယေရှုခရစ်တော်ကို အမှုစစ်ဆေးချိန်ခါတွင် ရှိသောအန္နနှင့် မတူပါ) နှင့် အခြားအရေးပါသောယုဒလူမျိုးများသည် ပေါလုအား စွပ်စွဲရန် ရောက်လာခဲ့ကြ၏။

တေရတုလုအမည်ရှိသော အလွန်စကားပြောကောင်းသော ရှေ့နေတစ်ယောက်ဖြစ်ပြီး သူသည် သူတို့၏လျှောက်ထားချက်များကို တင်ပြခဲ့လေ၏။ သူသည် ဘုရင်ကို ချော့မော့မြှောက်ပင့်ခြင်းဖြင့် အစပြုပါက၊ သူသည် ဖေလဇ်မင်းနှင့်အတူ ဩဇာအရှိဆုံးဖြစ်လိမ့်မည်ဟု ထင်မြင်ခဲ့သည်။ သူသည် အဘယ်သို့ပြောဆိုခဲ့သနည်း။ တမန်တော်ဝတ္ထု ၂၄း၂၊ ၃။

အဘယ်မျှလောက်ကြောက်စရာကောင်းသော လိမ်လည်မှုနည်း။ ဖေလဇ်မင်းသည် မြင့်မြတ်သောသူ မဟုတ်ချေ၊ သူ၏အုပ်ချုပ်အစိုးရသည့်အချိန်အတောအတွင်း၌လည်း ကြီးမားသောငြိမ်းချမ်းရေးကို ယူလာပေးမည် မဟုတ်ချေ။ သူသည် ဆိုးသောဘုရင်တစ်ပါးဖြစ်ပြီး၊ သနားညာတာမှုကင်းမဲ့သော ဘုရင်ဖြစ်၏။

တေရတုသည် ပေါလုကို စွပ်စွဲအပြစ်တင်ပြောဆိုခြင်းများအားဖြင့် ဆက်လက်ပြောဆိုခဲ့၏။ ပေါလုသည် ရောမအစိုးရကို ဆန့်ကျင်ရန် လူများအား တိုက်တွန်းသည်၊ ဝတ်ပြုရာဗိမာန်တော်ကို ညစ်ညူးစေသည်ဟု သူက ဖော်ပြပြောဆိုခဲ့၏။ သူသည် ပေါလုကို စွပ်စွဲသည်နှင့်အမျှ၊ ကျန်ယုဒလူမျိုးများသည် သူ၏လိမ်ညာမှုများကို စိတ်အားထက်သန်စွာ သဘောတူခဲ့ကြလေ၏။

ဖေလဇ်မင်းသည် ဆိုးသောအစိုးရမင်းဖြစ်၏။ သို့သော် ယုဒလူမျိုးများတွင် ခိုင်မာသောအကြောင်းပြချက်မရှိခဲ့ကြောင်းကို သူ ပြောနိုင်၏။ သူသည် သူတို့၏ရမ်းကားပြောဆိုမှုကို သတိပြုမိခဲ့သည်။ ထို့အပြင် သူတို့သည် ပေါလုအား အပြစ်တင်နိုင်သော သက်သေ အထောက်အထား တစ်စုံတစ်ခုမျှ မပြနိုင်ကြောင်းကိုလည်း သူသတိပြုမိခဲ့လေ၏။

ထို့နောက်၊ ပေါလုသည် မိမိကိုယ်ကို ကာကွယ်ခြင်းအမှုကို စတင်ပြောဆိုခဲ့၏။ သူသည် သူကောက်ခံစုဆောင်းထားသော အလှူငွေများကို သယ်သွားရန်နှင့် ဝတ်ပြုကိုးကွယ်ရန် ယေရုရှလင်သို့ ရောက်လာကြောင်းကို ပြောပြခဲ့၏။ သူသည် အဘယ်အနှောင့်အယှက်မျှ မပေးကြောင်းဖော်ပြပြီးနောက်၊ သူသည် ယုဒလူမျိုးများအား သူတို့၏စွပ်စွဲချက်နှင့်ပတ်သတ်ပြီး သက်သေပြရန် စိန်ခေါ်ခဲ့လေ၏။ သူအပြစ်ရှိနိုင်ကြောင်း တစ်ခုတည်းသောအရာမှာ သူသည် ဘုရားသခင်ကို ယုံကြည်ခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်း မျှော်လင့်ချက်သာဖြစ်ကြောင်း ပေါလုသည် သူတို့အား ပြောဆိုခဲ့၏။ အငယ် ၁၀-၂၁။

ဖေလဇ်မင်းသည် စိတ်စွဲမှတ်လျက်ရှိ၍၊ သူသည် ပေါလု၌ အပြစ်မရှိကြောင်းနှင့် ချက်ချင်းလွတ်ပေးသင့်ကြောင်းကို သူအသေအချာသိခဲ့လေ၏။ သို့သော် သူသည် ယုဒလူမျိုးများအား သူ့အပေါ် စိတ်ဒေါသထားရန် အလိုမရှိခဲ့ချေ။ ထို့ကြောင့်၊ သူသည် ပေါလုအား သနားကြင်နာခဲ့ပေမည့်၊ ထောင်သားသဖွယ် ထိန်းသိမ်းနေဆဲဖြစ်၏။ အငယ် ၂၃။

**လက်တွေ့ကျင့်သုံးရန်** - ချော့မော့မြှောက်ပင့်ခြင်းသည် ချီးမွမ်းခြင်းဖြစ်သော်လည်း၊ ၎င်းသည် ရိုးသားမှုမရှိခြင်း သို့မဟုတ် အစစ်အမှန် မဟုတ်ချေ။ သင်သည်လည်း သင်လိုချင်သောအရာတစ်စုံတစ်ခုအတွက် သူတစ်ပါးအား ချော့မော့မြှောက်ပင့်ဖူးပါသလား။ ထိုအရာသည် ရိုးသားပါသလား။

## တနင်္လာနေ့ ၊ ဖေလဇ်မင်းသည် ယေရှုခရစ်တော်ကို ငြင်းပယ်ခြင်း (တမန်တော်ဝတ္ထု ၂၄း၂၄၊ ၂၅) ၂

ပေါလုသည် အမှုစစ်ဆေးမှုခံပြီးနောက်မကြာမီ၊ ဖေလဇ်မင်းသည် ပေါလုကို တဖန် ခေါ်စေခဲ့ပြီးလျှင်၊ သူနှင့် သူ့ခင်ပွန်းဖြစ်သော ဒြုသိလေနှင့်တကွလာပြီး၊ သူတို့သည် ယေရှုကို ယုံကြည်သည့် ပေါလု၏ယုံကြည်ခြင်းအကြောင်းနှင့်ပတ်သတ်၍ သီးသန့် ဆွေးနွေးလိုခဲ့၏။ တမန်တော်ဝတ္ထု ၂၄း၂၄။

ဖေလဇ်မင်းသည် မှန်သောအရာကို အမှားလုပ်နေသည်တိုင် မလုပ်ဖို့ရန် လူအများစုသည် အရိပ်အမြွက်ပြောရနိုင်ခြင်း မရှိခဲ့ပေ။ သူသည် ဆိုးရွားသောသူဖြစ်သည်သာမက ရက်စက်ကြမ်းကြုတ်သူဖြစ်၏။ သို့သော် ပေါလုသည် ဖေလဇ်မင်းအား ဝမ်းမြောက်စေမည့် သတင်းတရားကို ကြားပြောခြင်းငှါ၊ မတွန့်ဆုတ်သင့်ကြောင်းကို သူသိခဲ့၏။ တစ်နေ့ တရားစီရင်ခြင်းတစ်ခုသည် ရောက်လာလိမ့်မည်။ ဖေလဇ်မင်း၏စကားများ၊ သူ၏ဆုံးဖြတ်ချက်များနှင့် လုပ်ဆောင်ကြံစည်သော ရည်ရွယ်ချက်များ အားလုံးကို ဘုရားသခင်က စီရင်ဆုံးဖြတ်လိမ့်မည်။ ပေါလုသည် ဖေလဇ်မင်းအား မှန်မှန်ကန်ကန်သတိပေးခြင်းမရှိပါက၊ ပေါလုသည် ဘုရားသခင်

အဘယ်သို့ဖြစ်စေကာမူ၊ သင်္ဘောသည် သဲသောင်ပေါ်တင်၍ ပဲ့ကို လှိုင်းတံပိုးရိုက်သောကြောင့် ကျိုးသွားလေ၏။ သင်္ဘော၌ပါသော စစ်သူရဲတို့သည် ဘာလုပ်ချင်ခဲ့ကြသနည်း။ အငယ် ၄၂။

အကယ်၍ အကျဉ်းသားတစ်ယောက်ယောက်က ထွက်ပြေးလွတ်မြောက်သွားပါက၊ စစ်သူရဲများသည် သူတို့၏အသက်များကို ပေးရမည်ဖြစ်သည်။ သို့သော် တပ်မှူးယုလိသည် ပေါလုနှင့်အတူ ဘုရားသခင်ရှိကြောင်းကို အသေအချာသိ၏။ ထို့ကြောင့် သူ့အား ထိခိုက်အန္တရာယ်ပြုမည်ကို ကြောက်၏။ ထို့ကြောင့်သူသည် အဘယ်သို့ ညွှန်ကြားခဲ့သနည်း။ အငယ် ၄၃။ ဘုရားသခင်သည် ယုလိအား ကောင်းကြီးပေးခဲ့၏။ အကျဉ်းသားများကို ကုန်းပေါ်တွင် အတူတကွ စုရုံးစေသောအခါ တစ်ယောက်မျှ မလွတ်မြောက်ခဲ့ချေ။

**လက်တွေ့ကျင့်သုံးရန်** - ပေါလုက အဘယ်သို့အဖြစ်ပျက်မှ လွတ်မြောက်နိုင်သည့်လမ်းကို မမြင်နိုင်သော်လည်း သူသည် ဘုရားသခင်၏ မိန့်မှာစကားများကို ယုံကြည်ခဲ့ကြောင်းပြောဆိုခဲ့သည်။ ထို့ကြောင့် ထိုသို့သော ယုံကြည်ခြင်းမျိုးသည် “မမြင်သေးသောအရာများကို ယုံကြည်သည့် သက်သေ” ဖြစ်သည်။ ဟေဗြဲဩဝါဒစာ ၁၁း၁။

## သောကြာနေ့ ၊ မေလိတေကျွန်းပေါ်တွင် သောင်တင်ခြင်း (တမန်တော်ဝတ္ထု ၂၈း၁-၁၃) ၆

ပေါလုတို့စီးသောသင်္ဘောသည် ထိုကျွန်းပေါ်တွင် ပျက်စီးခဲ့သည်။ ထိုကျွန်း၏အမည်မှာ မေလိတေကျွန်း ဖြစ်၏။ မိုးသည်လည်း ရွာနေသောကြောင့် လူတိုင်းသည် စိုစွတ်ပြီး အအေးဒဏ်ကို ခံစားခဲ့ရ၏။ ထို့ကြောင့် သူတို့ မီးမွေးခဲ့ကြ၏။ ပေါလုသည် အမြဲတမ်း သူတပါးကို ကူညီရန်ကြိုးစားခဲ့သူဖြစ်သောကြောင့်၊ သူသည် မီးမွေးရန်အတွက် ထင်းများ ရှာဖွေစုဆောင်းရန် ကူညီပေးခဲ့၏။ ပေါလုသည် မီးပေါ်မှာ ထင်းကိုထည့်စဥ်တွင် ဘာဖြစ်ပျက်ခဲ့သနည်း။ တမန်တော်ဝတ္ထု ၂၈း၃။

ထိုသို့ လူများတို့သည် အဘယ်သို့ဖြစ်ပျက်သည့်ကို မြင်သောအခါ၊ “သူသည် လူအသက်ကို သတ်သောသူ အမှန်ဖြစ်၏။ ပင်လယ်ဘေးမှ လွတ်သော်လည်း၊ သူ၏ရာဇဝတ်မှုအတွက် ပြစ်ဒဏ်ခံရသည်” ဟု သူတို့သည် ထင်မြင်ခဲ့ကြ၏။ သို့သော် ပေါလုသည် သူတို့အား ဂရုမစိုက်ခဲ့ဘဲ သူသည် မြွေကို မီးထဲသို့ ခါချ၍ အဘယ်ဘေးမျှမသင့်ခဲ့ချေ။ သူတို့သည် ပေါလုအား ဂရုတစိုက်ဆက်လက် ကြည့်ရှုနေခဲ့ကြပြီး၊ သူ၏လက်ယောင်လာမည် သို့မဟုတ် သူသည် ခဏချင်းတွင် လဲ၍သေမည်အထင်ရှိ၍ သေချာစွာ ကြည့်ရှုခဲ့ကြ၏။ သို့သော် အချိန်ကြာမြင့်စွာ ငံ့လင့်သော်လည်း ပေါလုသည် အရင်အတိုင်း ကျန်းမာနေဆဲဖြစ်သည်ကို တွေ့မြင်ခဲ့ကြ၏။ ထို့ကြောင့် သူတို့၏စိတ်နှလုံးတို့သည် ပြောင်းလဲပြီး၊ သူသည် နတ်ဘုရားတစ်ပါးဖြစ်ရမည်ဟု ဆိုကြလေ၏။

ထိုတပါး မယုံကြည်သူများအား ယေရှုခရစ်တော်၏ ဧဝံဂေလိသတင်းစကားကို ဝေငှရန် အလွန်ကောင်းသော အခွင့်အရေး တစ်ခုဖြစ်ခဲ့သည်။ ပေါလုနှင့် သူ၏အပေါင်းအဖော်နှစ်ယောက်တို့ သည် သူတို့၏ အချိန်ကို ကောင်းစွာ အသုံးပြုခဲ့ကြ၏။ ကျွန်းသူကြီးသည်ဖျားနာလျက်ရှိသောအခါ၊ ပေါလုသည် သူ့ထံသွား၍ သူ့အတွက် ဆုတောင်းပေးပြီးမှ၊ သူ၏အနာကို ငြိမ်းစေခဲ့၏။ ထိုသို့ငြိမ်းပြီးနောက် အဘယ်သို့ ဖြစ်ပျက်ခဲ့သနည်း။ အငယ် ၉။ ပေါလုကြောင့် ထိုကျွန်းသားများသည် သင်္ဘောပျက်စီးခဲ့သော သူတို့အုပ်စုများကို အလွန်ကြင်နာသနား ပေးခဲ့လေ၏။ သင်္ဘောသားများ လိုအပ်နေသောအရာများအားလုံးကို သူတို့သည် ပေးလေ၏။

သုံးလလွန်ပြီးနောက်၊ ရာသီဥတုသည် တဖန်ရွက်လွှင့်ရန်အတွက် ကောင်းလာခဲ့၏။ ထို့ကြောင့် ပေါလုနှင့် သူ့အပေါင်းအဖော်များတို့သည်၊ အခြားသောအကျဉ်းသားများအားလုံးနှင့်အတူ ဆောင်းကာလပတ်လုံးနေခဲ့ဖူးသော မေလိတေကျွန်းတွင် သင်္ဘော စီးပြန်ခဲ့၏။ သူတို့သည် ထိုနေရာမှ မြောက်ဘက်သို့ ဦးတည်ပြီး၊ သုရကုတ်မြို့နှင့် ရေဂျုန်မြို့များတွင် ရက်အနည်းငယ်ရပ်လိုက်ကြ၏။ နောက်ဆုံးတွင်၊ သူတို့သည် ဣတလိပြည်၏ကမ်းရိုးတမ်းဒေသတွင်ရှိသော ပေါတယောလိမြို့သို့ ရောက်လေ၏။ အကျဉ်းသားများသည် ရောမမြို့သို့ရောက်ရန် ကျန်သေးသော မိုင် ၁၄၀ ကို လမ်းလျှောက်သွားလေ၏။

**လက်တွေ့ကျင့်သုံးရန်** - ပေါလုသည် မေလိတေကျွန်းပေါ်တွင် မီးမွေးရန် မကူညီခဲ့လျှင်လည်း အကြောင်းပြချက်များစွာ ပေးနိုင်ခဲ့မည်ဖြစ်သည်။ သူသည် အသက်အိုမင်းပြီးဖြစ်သောကြောင့် ပင်ပန်းပြီ၊ အကျဉ်းသားတစ်ယောက်လည်းဖြစ်သည်။ သို့သော် သူ၏အခြေအနေမည်သို့ပင်ရှိစေကာမူ၊ သူ့မှာ အမြဲတမ်းကူညီတတ်သော စိတ်ဓာတ်ရှိခဲ့သည်။ သင်သည်လည်း ပေါလုကဲ့သို့ ကူညီတတ်သောသူ ဖြစ်နေပါသလား။



ရှေ့၌ အပြစ်ရှိလိမ့်မည်ဖြစ်ပြီး၊ ဖေလဇ်မင်း ကယ်တင်ခြင်းရမည့် အခွင့်အရေးကို ပိတ်ပင်ထားစေလိမ့်မည်ဖြစ်သည်။

ပေါလုသည် သခင်ယေရှု၏ ယုံကြည်ခြင်းအကြောင်းကို ပြောဆိုနေသည်နှင့်အမျှ၊ သူသည် ဘုရားသခင်၏ပြီးပြည့်စုံသော စာရိတ္တတော်အကြောင်းကိုဖော်ပြပြီး၊ ဘုရားသခင်၏ပညတ်တော်ကို နာခံရန် မည်မျှအရေးကြီးကြောင်း ပြသခဲ့လေ၏။ ပေါလုသည် သူတို့၏အတွေးအခေါ်များနှင့် အပြုအမူလုပ်ဆောင်ချက်များ အားလုံးကို စီရင်မည့် တရားစီရင်ခြင်းအကြောင်းကိုလည်း ပြောပြခဲ့၏။ ထို့ကြောင့်၊ ယခုအချိန်သည် မှန်ကန်သောဆုံးဖြတ်ချက်ချမှတ်ရန် အရေးကြီးကြောင်းနှင့် ဤဘဝအသက်တာကုန်ဆုံးပြီးနောက် ဒုတိယအခွင့်အရေးဟူသည် ရှိလိမ့်မည်မဟုတ်ကြောင်းကို အလေးအနက်ထားပြောဆိုခဲ့၏။

ပေါလုသည် သခင်ယေရှုခရစ်တော်အကြောင်းကို ပြောပြသည်နှင့်အမျှ၊ သခင်ယေရှုသည် ကြီးမားသောပူဇော်ခြင်းအမှုပြုလုပ်ခဲ့ကြောင်း၊ ထိုအတွက်ကြောင့် လူသားအားလုံးသည် ကယ်တင်ခြင်းရရှိနိုင်ကြောင်းကိုလည်း ပြောပြခဲ့၏။ ကယ်တင်ခြင်းရရှိရန် ပညတ်တော်ကို အဘယ်သူမျှ မိမိတို့ကိုယ်ပိုင်ခွန်အားဖြင့် မစောင့်ထိန်းနိုင်၊ အပြစ်နှင့်ပြည့်ဝနေသော လူသားများအတွက် ပညတ်တော်ကိုလည်း အ ဘယ်သူမျှ ပြောင်းလဲခွင့်မရှိပေ။ ကယ်တင်ခြင်းရရှိရန် တခုတည်းသောနည်းလမ်းမှာ ယေရှုခရစ်တော်အားဖြင့်သာ ဖြစ်၏။

ဖေလဇ်မင်းသည် ထိုအရာများကို ဘယ်တုန်းကမှ မကြားဖူးခဲ့သေးပေ။ ထိုအချိန် သူ၏သြတ္တပ္ပစိတ်သည် ရုတ်တရက် နိုးလာခဲ့၏။ သူသည် မိမိ၏များစွာသောအပြစ်များနှင့် တရားစီရင်ခြင်းများအကြောင်းကို စဉ်းစားခဲ့ပြီး၊ ထိုအရာများအတွက် ကြောက်ရွံ့လေ၏။

သို့သော် သူသည် သူ၏အပြစ်များကို နောင်တရရန်နှင့် ထိုအပြစ်များမှ ဝေးကွာရန် ရွေးချယ်မည့်အစား၊ သူ၏စိတ်နှလုံးသားထဲမှ ထိုအတွေးများကို ဖယ်ထုတ်ရန်သာ ဆုံးဖြတ်ခဲ့၏။ ထို့ကြောင့် သူသည် ပေါလုအား မည်သို့ပြောဆိုခဲ့သနည်း။ အငယ် ၂၅။ အဘယ်မျှလောက် ဝမ်းနည်းဖွယ်ရာနည်း။ အလွန်အန္တရာယ်ရှိသော ဆုံးဖြတ်ချက်ဖြစ်သည်။ ဖေလဇ်မင်း၌ နောင်တရရန် နောက်ထပ်အခွင့်အရေး ဘယ်တော့မှ မရှိခဲ့တော့ချေ။

**လက်တွေ့ကျင့်သုံးရန် -** သင့်ရဲ့အပြစ်ကို စွန့်လွှတ်ရန် သန့်ရှင်းသောဝိညာဉ်တော် နိုးဆော်သောအခါ၊ သင်ဘာလုပ်မည်နည်း။ ဖိလိပ္ပိပြည်သားထောင်မှူးကဲ့သို့ နောင်တရရန် သင်ရွေးချယ်ပါသလား။ တမန်တော်ဝတ္ထု ၁၆း၂၉-၃၃။ သို့မဟုတ် ဖေလဇ်မင်းကဲ့သို့ သင်၏စိတ်နှလုံးထဲမှ ထိုအတွေးများကို ဖယ်ထုတ်ပစ်မည်လား။ တမန်တော်ဝတ္ထု ၂၄း ၂၅။

## အင်္ဂါနေ့ ၊ ဆွဲဆောင်နိုင်လုနီးပါး (တမန်တော်ဝတ္ထု ၂၄း၂၆-၂၆း၃၀) ၃







ပေါလုသည် ကဲသရိမြို့၌ နှစ်နှစ်ကျော်ကြာအကျဉ်းချခံခဲ့ရ၏။ ဖေလဇ်မင်းသည် သူကို အကြိမ်ကြိမ်တွေ့ဆုံခဲ့၏၊ သို့သော် သူသည် ငွေကိုသာ စိတ်ဝင်စားခဲ့သည်။ ငွေအမြောက်အများ(လာဘ်ထိုးခြင်း)ကိုပေးပါက၊သူ့အား လွှတ်ပေးမည်အကြောင်းကို ဖေလဇ်မင်းသည် ပေါလုအား အကြံပြုခဲ့၏။ သို့ပေမယ့် ပေါလုသည် သူ့ကိုယ်သူလွှတ်မြောက်စေရန်အတွက် မရိုးသားစွာ မပြုမူခဲ့ချေ။

ဖေလဇ်မင်းသည် နောက်ဆုံး၌ အလုပ်ဖြုတ်ခံလိုက်ရပြီး၊ ပေါကိဖေတ္တုအမည်ရှိသောသူသည် သူ၏မင်းအရာကို ရခဲ့၏။ ထို့နောက်၊ များမကြာမီတွင် ယုဒလူမျိုးတို့က ပေါလုကို ယေရုရှလင်မြို့သို့ စေလွှတ်မည်လောဟု ဖေတ္တုမင်းအား မေးမြန်းခဲ့သည်။ သူတို့သည် လမ်းခရီး၌ ပေါလုကို အဘယ်အမှုအရာများပြုမူရန် လျှို့ဝှက်စွာကြံစည်ခဲ့ကြသနည်း။ တမန်တော်ဝတ္ထု ၂၅း၂၊ ၃။

ဖေတ္တုမင်းသည် ထိုအရာကို ပြုလုပ်မည်မဟုတ်ချေ။ သူသည် ပေါလုကို စွပ်စွဲသူများအား နောက်ထပ်စစ်ဆေးမှုအတွက် ကဲသရိမြို့သို့ သွားကြရန် တောင်းဆိုခဲ့၏။ ဤစစ်ဆေးချက်သည် ဖေလဇ်မင်းစစ်ဆေးသောအမှုနှင့်အတူပင်ဖြစ်ခဲ့၏။ ယုဒလူမျိုးများသည် ပေါလုအား ပြစ်တင်စွပ်စွဲချက်အကြောင်းသက်သေမပြနိုင်ခဲ့ကြချေ။ ထို့ကြောင့် ဖေတ္တုမင်းသည်လည်း ပေါလု၌ အပြစ်မရှိကြောင်း ပြောဆိုခဲ့လေ၏။

ဖေတ္တုမင်းက သူသည် ပေါလုအားလွှတ်ပေးသင့်သည်ကို သိခဲ့၏၊ သို့သော် သူသည်လည်း ဖေလဇ်မင်းကဲ့သို့ ယုဒလူမျိုးများ နှင့် အမုန်းမပွားချင်ခဲ့ပေ။ ထို့ကြောင့် သူသည် ပေါလုအား လွှတ်တော်ကောင်စီတရားရုံးရှေ့တွင် ကြိုးစားကြည့်ရန် ယေရုရှလင်သို့ တက်ချင်သလားဟု မေးခဲ့၏။ ဘုရားသခင်၏လူမျိုးတော်များဟု ဆိုကြသော်လည်း ဘုရားသခင်၏သတင်းစကားကို ငြင်းဆန်သူများဖြစ်ပြီး သူတို့ထက်တပါးမယုံကြည်သူ ရောမလူမျိုးများနှင့်အတူ ရှိနေခြင်းသည် သာ၍လုံခြုံနေ သည်ကို ပေါလုသိ၏။ ပေါလုသည် ဘာပြောဆိုခဲ့သနည်း။ အငယ် ၁၀-၁၂။

ထို့နောက် တစ်နေ့တွင် အဂြိပ္ပမင်းကြီးသည် မိမိခင်ပွန်းဗေရနိတ်နှင့်တကွ ဖေတ္တုမင်းထံ အလည်ရောက်လာခဲ့၏။ အဂြိပ္ပမင်းကြီး (ဟေရုဒ်မင်းဆက်တို့၏ နောက်ဆုံး) သည် ဟေရုဒ်မင်း၏သားဖြစ်ပြီး၊ ယာကုပ်ကို သတ်ခဲ့ပြီး ပေတရုအား ထောင်ထဲချသောသူဖြစ်သည်။ သူ၏ဦးလေးကြီး (ဟေရုဒ်)သည် နှစ်ခြင်းဆရာယောဟန်ကို သတ်ခဲ့ပြီး တရားရုံးတွင် ယေရှုကို ပျက်ရယ်ပြုခဲ့သောသူဖြစ်ပြီး သူ၏အဘိုး(ဟေရုဒ်)သည်လည်း ယေရှုခရစ်တော်မွေးဖွားပြီးအချိန်၌ ဗက်လင်မြို့၌ ကလေးများကို သတ်ခဲ့သောသူဖြစ်သည်။

ဖေတ္တုမင်းသည် သူ့အား ပေါလု၏လောလောဆယ်တရားစစ်ဆေးမှုအကြောင်းကို ပြောပြသောအခါ၊ သူသည် စိတ်ဝင်စားလာပြီး ပေါလုထံမှ စကားများကို ကိုယ်တိုင်ကြားချင်ခဲ့လေ၏။ ထို့ကြောင့် ဖေတ္တုမင်းသည် ပေါလုအား အဂြိပ္ပမင်းကြီး၊ ဗေရနိတ်နှင့် အရေးပါသောလူများရှေ့သို့ ခေါ်ဆောင်လေ၏။ ထိုအချိန် ပေါလုသည် စကားကို စပြောသည်နှင့်အမျှ၊ ယေရှုအကြောင်းကို ရိုးရှင်းစွာနှင့် ယုံကြည်မှုရှိရှိပြောပြခဲ့ပြီး၊ သူ၏ကိုယ်ပိုင်သက်သေခံချက်ကိုလည်း ဝေမျှခဲ့၏။ အဆုံးတွင်၊ သူသည် အဂြိပ္ပမင်းကြီးအား မည်သည့်မေးခွန်း မေးခဲ့သနည်း။ ထို့နောက် အဂြိပ္ပမင်းကြီးသည် အဘယ်သို့ တုန့်ပြန်ခဲ့သနည်း။ တမန်တော်ဝတ္ထု ၂၆း ၂၇၊ ၂၈။

**လက်တွေ့ကျင့်သုံးရန် -** ခရစ်ယာန် "ဖြစ်လုနီး" သည် လုံးလုံးခရစ်ယာန်တယောက်ဖြစ်ခြင်းနှင့် မတူပါ။ သင်ရော အဘယ်အခြေအနေတွင် ရှိနေသနည်း။ သခင်ယေရှုနောက်လိုက်ရန်နှင့် အရာအားလုံး၌ သူ၏စကားအားလုံးကို နာခံရန် သင် ဆုံးဖြတ်ချက်ချပြီးပြီလား။

## ဗုဒ္ဓဟူးနေ့ ၊ ရောမမြို့အတွက် ရွက်လွှင့်ခြင်း (တမန်တော်ဝတ္ထု ၂၆း၃၁ - ၂၇း၁၀) ၄







ပေါလုနှင့် အမေးအဖြေပြုလုပ်ပြီးနောက်၊ အဂြိပ္ပမင်းကြီးသည် ဖေလဇ်မင်းနှင့် ဖေတ္တုမင်းတို့ကဲ့သို့ ပေါလုတွင် အပြစ်မရှိကြောင်းကို ရှင်းလင်းစွာ သိနိုင်ခဲ့သည်။ အဂြိပ္ပမင်းက "ဤသူသည် ကဲသာဘုရင်၏ အယူတော်ကို ခံပါမည်ဟု မဆိုမိလျှင် လွှတ်သင့်သည်" ဟု ပြောဆိုခဲ့၏။ သို့သော် သူသည် ကဲသာဘုရင်ထံ အယူခံဝင်ပြီးသည့်တိုင် သူတို့သည်လည်း ဘာမျှမတတ်နိုင်ပေ။

ထိုနေ့ရက်များတွင်၊ သင်္ဘောဖြင့်ခရီးသွားခြင်းသည် မပျော်ရွှင်ခဲ့ပေ သို့မဟုတ် မလုံခြုံခဲ့ပေ။ ခရီးစဉ်များသည် မကြာခဏ ရှည်လျားပြီး ခက်ခဲကြမ်းတမ်း၏။ သင်္ဘောသားများသည် သူတို့အဘယ်နေရာ၌ရောက်နေကြောင်း နေနှင့်ကြယ်များကို အသုံးပြုခဲ့ကြပြီး၊ မုန်တိုင်းများသည်လည်း အလွန်ပင်အန္တရာယ်ရှိခဲ့၏။ ထိုအချိန်တွင် ပေါလုသည် အသက်ကြီး၍ အိုနေပြီဖြစ်၍၊ ကျန်းမာရေးသည်လည်း မကောင်းတော့ချေ။ ထို့ကြောင့် သူ၏မိတ်ဆွေသူငယ်ချင်းများဖြစ်သော လုကာနှင့် အာရိတ္တာခုတို့ကို သူနှင့်အတူရွက်လွှင့်ခွင့်ပြုခဲ့သည်မှာ သူသည် အလွန်ပင်ကျေးဇူးတင်စရာဖြစ်ခဲ့၏။

ပထမရက်ရွက်လွှင့်ပြီးနောက်၊ သူတို့သည် ဇိဒုန်မြို့သို့ ရောက်ရှိခဲ့၏။ ရောမတပ်မှူးယုလိသည် ပေါလုအား ဘာလုပ်ခွင့်ပေးခဲ့သနည်း။ တမန်တော်ဝတ္ထု ၂၇း၃။

ထို့နောက် သူတို့သည် ဇိဒုန်မြို့မှ ကုပရုကျွန်းမြောက်ဘက်နားသို့ ရွက်လွှင့်ခဲ့ပြီး၊ မုရမြို့သို့ ရောက်ခဲ့ကြ၏။ ထိုနေရာ၌ တပ်မှူးယုလိသည် သင်္ဘောတစ်စီးသည် ဣတလိပြည် (ယခုအီတလီ) သို့ သွားနေသည်ကို တွေ့ခဲ့ပြီး၊ ထိုသင်္ဘောရှိ သူ၏ အကျဉ်းသားများအားလုံးကို လွှဲအပ်ပေးလိုက်လေ၏။ လေပြင်းတိုက်ခတ်မှုနှင့် အခက်အခဲများစွာကြုံခဲ့ရပြီးနောက်၊ သင်္ဘောသည် ကရေတေကျွန်း၏တောင်ဘက်ခြမ်းရှိ ကာလုလိမင်းအမည်ရှိသော အရပ်သို့ ရောက်ရှိခဲ့၏။ ထိုနေရာ၌ သူတို့သည် ရာသီဥတုပိုကောင်းရန် မျှော်လင့်ကာ အချိန် အတန်ကြာ စောင့်ခဲ့ရလေ၏။

ဆောင်းရာသီရောက်လေသော်၊ ထိုအချိန်သည် ရောမမြို့သို့ ဆက်သွားဖို့ရန် အလွန်အန္တရာယ်များခဲ့လေ၏။ သူတို့၏ခရီးကို ဆက်၍ မသွားနိုင်သောအခါ၊ သူတို့သည် ကာလုလိမင်းအရပ်တွင် ဆောင်းရာသီအကုန်အထိနေထိုင်ရန် သို့မဟုတ် ကမ်းခြေနှင့် မိုင် ၄၀ ခန့် ဝေးသော ဖိနိတ်မြို့ဆိပ်ကမ်းသို့ ရောက်ရန် ကြိုးစားသင့်သည်ကို ဆုံးဖြတ်ခဲ့ကြရ၏။

ပေါလုမှာ သင်္ဘောပျက်ခြင်းနှင့် ပတ်သတ်၍ အတွေ့အကြုံများစွာရှိ၏။ အမှန်အားဖြင့်၊ ထိုအချိန်မတိုင်ခင် နှစ်ပေါင်းများစွာကပင်၊ သူသည် သုံးကြိမ်တိုင်တိုင် သင်္ဘောဖြင့် ရွက်လွှင့်ခဲ့ဖူးကြောင်းကို ရေးသားခဲ့သည်။ (ကောရိန္သုသြဝါဒစာ ဒုတိယစောင် ၁၁း၂၅) ထို့ကြောင့် များစွာဆွေးနွေးကြပြီးနောက်၊ တပ်မှူးသည် သင် အဘယ်သို့ အမြင်ရှိကြောင်းကို ပေါလုအား မေးမြန်းခဲ့၏။ ပေါလုသည် မည်သို့ပြောဆိုခဲ့သနည်း။ တမန်တော်ဝတ္ထု ၂၇း၁၀။

**လက်တွေ့ကျင့်သုံးရန် -** လုကာနှင့် အာရိတ္တာခုတို့သည် ပေါလုအားကူညီရန် သူနှင့်အတူ ခရီးသွားရန်အတွက် ရွေးချယ်ဆုံးဖြတ်ခဲ့ကြ၏။ အကူအညီလိုအပ်နေသောအသက်ကြီးရွယ်အိုများအား ကူညီရန် အဆင်မပြေလျှင်ပင်၊ သင်သည် မည်သို့ကူညီလိုပါသနည်း။

## ကြာသပတေးနေ့ ၊ သ ဘော်ပျက်ခြင်း (တမန်တော်ဝတ္ထု ၂၇း၁၁-၄၄) ၅

ဝမ်းနည်းစရာမှာ၊ သင်္ဘော၌ပါသောလူအများတို့သည် ကာလုလိမင်းအရပ်၌ နေထိုင်ခြင်းငှါ ပေါလု၏အကြံပေးခြင်းကို မလိုချင်ခဲ့ကြချေ။ ထို့နောက် ဖိနိတ်မြို့သို့ ထွက်သွားပြီး မကြာမီတွင်၊ ကြောက်မက်ဖွယ်ရာကောင်းသော မုန်တိုင်းကြီးသည် ရောက်လာခဲ့၏။ ပြင်းထန်သောလေသည် အရှေ့မြောက်မျက်နှာဘက်မှ သင်္ဘောကို ကတေရေကျွန်းမှ အဝေးသို့ မြန်စွာ တိုက်လေ၏။

သင်္ဘောသားများသည် သူတို့အရေးပေါ်အခြေအနေရောက်နေသည်ကို ချက်ချင်းသိခဲ့ကြပြီး၊ မုန်တိုင်းမှ လွတ်မြောက်ရန် သင်္ဘောကို ပြင်ဆန်ရန် လျင်မြန်စွာ ကြိုးစားခဲ့ကြ၏။ ပထမတွင် သူတို့သည် ကုန်းပတ်ပေါ်ရှိ အသက်ကယ်လှေကို ချည်ထားခဲ့ကြသည်။ ထို့နောက်၊ သူတို့သည် ရေယိုစိမ့်မှုများကို နှေးကွေးစေရန်အတူတကွ ကြိုးစားကြပြီး သင်္ဘောကို ခိုင်ခံ့စေရန် ပတ်လည်၌ ကြိုးများဖြင့်တင်းကျပ်စွာ ချည်ထားကြ၏။

အရှေ့မြောက်မှ လေပြင်းသည် သင်္ဘောကို အာဖရိကမြောက်ပိုင်းကမ်းရိုးတန်းသို့ အလျင်အမြန်လွင့်သွားစေပြီး ထိုနေရာ၌ သင်္ဘောကို ပျက်စီးသွားစေနိုင်ခဲ့သည်။ ဤပျက်စီးခြင်းအန္တရာယ်မှ ရှောင်ရှားကင်းလွတ်စေရန် သင်္ဘောသားများသည် သင်္ဘောကို အလေးပေးခဲ့၏။ ထို့ကြောင့် လေသည်အနောက်ဘက်သို့ အလွန်နှေးကွေးစွာတိုက်၍ သင်္ဘောကို ဦးတည်စေခဲ့၏။ ထို့နောက်မည်သည့် အချက်လက္ခဏာကိုမျှမပြဘဲ၊ မုန်တိုင်းဆက်လက်ဖြစ်ပွားခဲ့၏။ ထို့နောက်သူတို့သည်ဘာလုပ်ခဲ့ကြသနည်း။ တမန်တော်ဝတ္ထု ၂၇း၁၈-၂၀။

ထိုကြောက်မက်ဖွယ်ကောင်းသောမုန်တိုင်းကြားတွင်၊ ပေါလုသည် သေရမည်ကို မကြောက်ရွံ့ခဲ့ပေ။ သူသည် ရောမမြို့တွင် ဘုရားသခင်အတွက် သက်သေခံရလိမ့်မည်ဟု ဘုရားသခင်ကတိပေးထားခဲ့သည်။ သို့သော် ပေါလုသည် သင်္ဘောပေါ်၌ ရှိသောလူများတို့သည် သေဖို့ရန် အသင့်မဖြစ်သေးသည့်အတွက် စိုးရိမ်ပူပင်ခဲ့၏။ သူတို့၏ အသက်များကို ကယ်တင်ရန် ဘုရားသခင်အား စိတ်ပြင်းပြစွာ တောင်းပန်ခဲ့လေ၏။

ပေါလု၏ဆုတောင်းချက်ကို ဖြေကြားရာ၌၊ ဘုရားသခင်သည် ညတစ်ညတွင် သူနှင့်စကားပြောရန် ကောင်းကင်တမန်တစ်ပါးကို စေလွှတ်ခဲ့၏။ နောက်တစ်နေ့မနက်၌ ကောင်းကင်တမန်က သူ့အား ကတိပေးခဲ့သောအရာကို သင်္ဘောတွင်ရှိသော လူများအားလုံးကို ပြောပြခဲ့လေ၏။ သူသည် ဘာပြောခဲ့သလဲ။ အငယ် ၂၁-၂၆။

သေချာပါသည်၊ တစ်ဆယ့်လေးရက်ညဥ့်အချိန်တွင်၊ ရေသည် တိမ်လာခဲ့၏။ မကြာမီတွင် သင်္ဘောသားတို့သည်လည်း သူတို့ ကုန်းအနီးသို့ ရောက်ကြလိမ့်မည်ကို သိရှိနားလည်ခဲ့ကြ၏။ ထို့ကြောင့် သူတို့သည် သင်္ဘောထိပ်ဖျားမှ ကျောက်ဆူးလေးလက်ကို ချ၍ မိုးလင်းရန် စောင့်နေခဲ့ကြ၏။ နောက်တစ်နေ့မနက်၌ သူတို့သည် ကျောက်ဆူးများကို ဖြုတ်ပြီး၊ အမည်မသိကျွန်းတစ်ကျွန်း၏ကမ်းခြေ၌ သင်္ဘောတင်ရန် ကြိုးစားခဲ့ကြ၏။